

# မြန်မာ့ ပြည်တွင်းဖြစ် စစ်တပ်မှ ပြုလုပ်သည်

## ဆက်သွယ်ရေးလိုင်းများပြတ်တောက်ခြင်း၏အကျိုးဆက်

နိုဝင်ဘာလ၊ ၂၀၂၅

# မာတိကာ


(၁) နိဒါန်း ၁

(၂) လက်ရှိမြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးပြတ်တောက်မှု အခြေအနေ ၄

(ပုံ - ၁) ၂၀၂၅ ခုနှစ်အတွင်း လအလိုက် ဆက်သွယ်ရေးလိုင်း
ဖြတ်တောက်ခံထားရသည့် မြို့နယ်စုစုပေါင်းစာရင်း

(ပုံ - ၂) ဆက်သွယ်ရေးလိုင်းဖြတ်တောက်ခံထားရဆဲဖြစ်သည့် မြို့နယ်နှင့်
ဖြတ်တောက်ခံထားရသည့် ခုနှစ်အရေအတွက်ပြဇယား

(၃) စစ်တပ်၏စောင့်ကြည့်၊ ထောက်လှမ်းရေးနည်းဗျူဟာ ၇

(၄) အတုအယောင်ရွေးကောက်ပွဲနှင့် စစ်တပ်ဝါဒဖြန့်ချီမှု ၉

(၅) ဆက်သွယ်ရေးလိုင်း ပြတ်တောက်ခြင်း၏အကျိုးဆက် ၁၃
(နောက်ဆက်တွဲလူ့အခွင့်အရေးချိုးဖောက်မှုများ)

(၆) နိဂုံးချုပ် သုတေသနသုံးသပ်ချက် ၁၅

(၇) အကြံပြုချက်များ ၁၈

(၈) သုတေသနနည်းလမ်းနှင့် စိန်ခေါ်ချက်များ ၁၉




## ၁။ နိဒါန်း

ယနေ့ခေတ်တွင် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၏ အလွန်အရေးပါ အသုံးဝင်မှုကို ငြင်းဆို၍ မရနိုင်ပေ။ နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူသားတို့၏ နေ့စဉ်ဘဝတွင်အင်တာနက်အသုံးပြုမှုသည် အဓိကအခန်းကဏ္ဍဖြစ်လာပြီး တကမ္ဘာလုံးအတိုင်းအတာဖြင့် ပိုမိုကျယ်ပြန့်လာသည်။ ဒီဂျစ်တယ်နည်းပညာများကို မှန်ကန်စွာသုံးစွဲနိုင်ပါက စစ်ရေး၊ နိုင်ငံရေးအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့်ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။ သို့သော် အာဏာရှင်အစိုးရများသည် ဒီဂျစ်တယ်နည်းပညာများကို မလျော်မကန်အသုံးချကာ ဥပဒေများထုတ်ပြန်ခြင်း၊ ပြည်သူများကို စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် အင်တာနက် လွတ်လပ်ခွင့်ကို ကန့်သတ်ဖိနှိပ်ခြင်းတို့ဖြင့် ပြည်သူ့လုံခြုံရေးနှင့် အသက်အန္တရာယ်ကိုပင် ထိခိုက်လာစေသည်။ စစ်ရေးနှင့် နိုင်ငံရေးနယ်ပယ်တို့တွင် တွေ့ရသော ဤအလွဲသုံးမှုသည် “ဒီဂျစ်တယ်နည်းပညာ၏ အမှောင်ဘက်” ဖြစ်ပါသည်။

Steven Feldstein[1] ၏ *The Rise of Digital Repression* စာအုပ်တွင် အာဏာရှင်အစိုးရများသည် ပြည်သူလူထု၏ ဒီဂျစ်တယ်လွတ်လပ်ခွင့်ကို အဓိက နည်းလမ်း (၅) မျိုးဖြင့် ကန့်သတ်နိုင်သည်ဟု ဖော်ပြထားသည်။[2] ၎င်းတို့မှာ

(၁)စောင့်ကြည့်ထောက်လှမ်းခြင်း

(၂)ဆင်ဆာပြုလုပ်ခြင်း

(၃)လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အချက်အလက်များကို ကြိုးကိုင်ထိန်းချုပ်ခြင်း၊ သတင်းမှားနှင့် သတင်းတုဖြန့်ချီခြင်း

(၄)အင်တာနက်ဖြတ်တောက်ခြင်း

(၅) အင်တာနက်အသုံးပြုသူများကို ဦးတည်၍ ဖိနှိပ်၊ အကျဉ်းချခြင်း

မြန်မာနိုင်ငံတွင် ဒီဂျစ်တယ် လွတ်လပ်ခွင့်ချိုးဖောက်မှုများကို အရပ်သား အစိုးရဖြစ်သည့် အမျိုးသား ဒီမိုကရေစီအစိုးရ လက်ထက်ကတည်းက လုပ်ဆောင်ခဲ့သည်။ ၂၀၂၁ အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်၏ ဒစ်ဂျစ်တယ် လွတ်လပ်ခွင့် ကန့်သတ်ထိန်းချုပ်မှုများမှာ ပိုမိုဆိုးရွားလာခဲ့သည်။ အင်တာနက်လိုင်းများ ဖြတ်တောက်ခြင်း၊ အင်တာနက် မြန်နှုန်းလျော့ချခြင်း၊ ဆိုရှယ်မီဒီယာဝက်ဘ်ဆိုက်များကို ပိတ်ပင်ခြင်း၊ ဆိုက်ဘာ ဥပဒေမူကြမ်းများထုတ်ပြန်ခြင်းအပြင် လွတ်လပ်၍ အမှီအခိုကင်းသော သတင်းမီဒီယာ လုပ်ငန်းများကို ပိတ်သိမ်းခြင်း၊ ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြု၍ စောင့်ကြည့်၊ ထောက်လှမ်းကာ နိုင်ငံရေး တတ်ကြွလှုပ်ရှား

---

1 Steve Feldstein (Carnegie Endowment for International Peace)

2 The Rise of Digital Repression (Steven Feldstein - 2021)

သူများနှင့် သတင်းသမားများကို မတရားဖမ်းဆီး၊ အကျဉ်းချခြင်း စသည့်လုပ်ရပ်များဖြင့် မြန်မာစစ်တပ်သည် ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်ကို ချိုးဖောက်လျက်ရှိသည်။

Freedom House ၏ *Freedom on the Net* နှစ်စဉ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ အင်တာနက် လွတ်လပ်ခွင့် အဆင့်မှာ၂၀၂၀ မှ ၂၀၂၅ ခုနှစ် အတွင်း ဆက်တိုက် ကျဆင်းလာခဲ့သည်။ လက်ရှိတွင် တရုတ်နိုင်ငံ သည် အင်တာနက် လွတ်လပ်ခွင့် အဆိုးဆုံး ပထမနေရာ၌ ရှိနေပြီး မြန်မာနိုင်ငံသည် ဒုတိယနေရာတွင် ရှိ နေသည်။[3] ထို့အပြင် မြန်မာစစ်တပ်နှင့် တရုတ်အစိုးရကြား ဆက်ဆံရေးတိုးတက်လာမှုမှာလည်း တော်လှန်ရေး အင်အားစု များနှင့် နိုင်ငံရေး တတ်ကြွလှုပ်ရှားသူများအတွက် အန္တရာယ်ကြီးမားသည့် အခြေအနေ တခုဖြစ်စေသည်။[4] လေ့လာ တွေ့ရှိချက်များအရ မြန်မာစစ်တပ်သည် ဆက်သွယ်ရေးအော်ပရေတာများကို ထိန်းချုပ်ကာ နိုင်ငံအဝှမ်း ဖုန်းနှင့် အင်တာနက် ဆက်သွယ်ရေးလိုင်းများကို ဖြတ်တောက်သည့်အပြင် အင်တာနက်အသုံးပြုမှုကို လိုသလို ထိန်းချုပ် နိုင်ရန်နှင့် ပြည်သူလူထု၏ လှုပ်ရှားမှုများကို စောင့်ကြည့်ထောက်လှမ်းနိုင်ရန် တရုတ်နိုင်ငံမှ နည်းပညာ အကူအညီများ ရယူထားသည်။[5] ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ထားပြီး အရပ်ဘက်၊ စစ်ဘက်ခွဲခြားခြင်းမရှိဘဲ အရပ်သားပြည်သူများ နေထိုင်ရာမြို့နယ်၊ ကျေးရွာများအား မီးရှို့ဖျက်စီးခြင်း၊ အင်အားအလုံးအရင်းဖြင့်သော်လည်းကောင်း၊ လက်နက်ကြီးများအသုံးပြု၍သော်လည်းကောင်း စစ်ကြောင်းထိုးတိုက်ခိုက်ခြင်း၊ လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိသည်။

စစ်တပ်၏ ဒီဂျစ်တယ်လွတ်လပ်ခွင့်ထိန်းချုပ်၊ ကန့်သတ်မှုများသည် ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်မာရေးအစရှိသည့် ကဏ္ဍများတွင် ထိခိုက်နစ်နာမှုများစွာကို ကြုံတွေ့လာစေသည်။ ဥပမာသ ဘာဝဘေး အန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့ခဲ့ကြရသည့် ၂၀၂၅ ခုနှစ် မတ်လ စစ်ကိုင်းငလျင် လှုပ်ခတ်မှု၊ ၂၀၂၄ ခုနှစ် သြဂုတ်လ ရေကြီး၊ ရေလျှံမှုနှင့် ၂၀၂၃ ခုနှစ် မေလအတွင်း ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းကာလများအတွင်းက ဆက်သွယ်ရေးလိုင်းများ မရရှိသဖြင့် သတင်းအချက်အလက် စီးဆင်းမှု နှောင့်နှေးကြန့်ကြာပြီး အသက်၊ အိုးအိမ်၊ စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရသဖြင့် ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝ ပိုမို ကျပ်တည်းလာရုံသာမက သတင်းတု၊ သတင်းမှားများနှင့် ဝါဒဖြန့်ချိမှုများလည်း ပိုမိုကြီးထွားလာနေသည်ကို တွေ့ရှိရသည်။ စစ်တပ်သည် တော်လှန်ရေးအင်အားစုများ၏ တန်ပြန်ထိုးစစ်ဆင်မှုကိုရင်ဆိုင်နေရပြီး မြို့နယ်တချို့ကို လက်လွှတ်ထားရသည့်တိုင် ပြည်သူ့ဆန္ဒမပါဝင်သည့် အထွေထွေ ရွေးကောက်ပွဲကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိသည်။ ရွေးကောက်ပွဲ ပြုလုပ်ခြင်းဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ၏ အသိမှတ်ပြုမှုကို ပြန်လည်ရယူနိုင်ရန် စနစ်တကျ နည်းဗျူဟာချ စီစဉ်လုပ်ဆောင်နေသည်။

---

[3] Myanmar Country Profile, Freedom on the Net, Freedom House

[4] ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရန် တရုတ်ကို စစ်ကောင်စီဖိတ်ခေါ်( Wai Wai, DVB, Aug/ 2025)

[5] Burma Junta Adopts China's Digital Blueprint for Repression (Antonio Graceffo, Mizzima, May/ 2025)

ဤသုတေသနစာတမ်းတိုသည် လူထု၏ဒီဂျစ်တယ်အခွင့်အရေးများကို ကန့်သတ်၊ ထိန်းချုပ်ပြီး အတုအယောင် ရွေးကောက်ပွဲကို အကောင်အထည်ဖော်နိုင်ရန် ကြိုးစားအားထုတ်နေသည့် စစ်တပ်၏လုပ်ရပ်များကို ဖော်ပြရန်ရည်ရွယ်သည်။ အတုအယောင်ရွေးကောက်ပွဲ ကျင်းပရန်အချိန်ကာလ နီးကပ်လာသည်နှင့်အမျှ လူ့ခွင့်အရေး ချိုးဖောက်မှုများ ပိုမိုမြင့်တက်လာခြင်းနှင့် စစ်တပ်၏ဝါဒဖြန့်မှုမှုများ အားကောင်းလာပုံကို အဓိကထား၍ ရေးသားပြုစုထားသည်။

“

တကယ်တော့ PSMS, CSISMS တို့ဆိုတာတွေက နာမည်တွေလျှောက်ပေးပြီးတော့
ဂိုးသီးဇန်းမှောက်ထားတဲ့ Project တွေပဲ။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ စစ်တပ်ထဲကတချို့ရဲ့
မိသားစုဝင်တွေက ဒီနည်းပညာကုမ္ပဏီပိုင်တဲ့သူတွေရှိတတယ်။ တချို့ကျတော့လည်း တပ်ထဲထွက်ပြီး
နည်းပညာကုမ္ပဏီ ထောင်ထားသူတွေရှိတယ်။ ကွန်ပျူတာပညာရှင်များအသင်းတို့ ဘာတို့မှာလည်း
မကင်းရာမကင်းကြောင်းလူတွေပါကြတယ်။ အဲ့လူတွေအတွက်ကျတော့ စစ်တပ်ကသူတို့အတွက် အချဉ်ပဲ၊
စစ်တပ်ကသူတို့ ဂျင်းထည့်လို့ကောင်းတဲ့အဖွဲ့ပဲ။ အဲ့လိုမျိုး ဂျင်းထည့်လို့ကောင်းတော့ စစ်တပ်ကို အကြံပေးပြီး
သူတို့ဆီမှာရှိတဲ့ ဒီလိုနည်းပညာတွေကို ဂျင်းထည့်ပြီးရောင်းစားကြတော့တာပဲ။

ကိုကျော်ကျော် (အမည်လွှဲ) – ဒီဂျစ်တယ်အခွင့်အရေးနှင့် နိုင်ငံရေးသုတေသီ

## ၂။ လက်ရှိမြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလိုင်းပြတ်တောက်မှုအခြေအနေ

မြန်မာစစ်တပ်၏ ဆက်သွယ်ရေးလိုင်းများဖြတ်တောက်ခြင်းကို လေ့လာရာတွင် (၁) တနိုင်ငံလုံး ဖြတ်တောက်ခြင်း၊ (၂) ဒေသ/မြို့နယ်အလိုက် ဖြတ်တောက်ခြင်း၊ (၃) အချိန်အလိုက်/နေ့ရက်အလိုက် ဖြတ်တောက်ခြင်း ဟူ၍တွေ့ရှိရသည်။ ထို့အပြင် ဒေသအချို့၌ ဆက်သွယ်ရေးလိုင်းများကို စစ်တပ်က ဖြတ်တောက်ခြင်း မရှိသော်လည်း၊ ပဋိပက္ခဒဏ်နှင့် သဘာဝဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကြောင့် ဆက်သွယ်ရေး ပျက်တောက်လျက်ရှိသည်။ အဓိကအကြောင်းရင်းများမှာ ဆက်သွယ်ရေး အဆောက်အအုံများ ပျက်စီးခြင်း၊ တာဝါတိုင်များ ထိခိုက်မှုနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ မရရှိခြင်းတို့ဖြစ်ရာ၊ ယင်းအခြေအနေများသည် ဒေသခံများအတွက် ဖုန်းနှင့် အင်တာနက်လိုင်းများ ရယူသုံးစွဲရေးကို အခက်အခဲများစွာ ဆက်လက်ဖြစ်ပေါ်စေသည်။

အသံအဖွဲ့၏လေ့လာတွေ့ရှိချက်များအရ ဆက်သွယ်ရေးလိုင်းများ ရရှိနေဆဲဖြစ်သည့် ဒေသများတွင် စစ်တပ်က Virtual Private Network (VPN)[6] နှင့် အခြားသောဆော့ဝဲလ်များ၊ မေးလ်ဝဲများနှင့် ဝဘ်ဆိုဒ်များကို ပိတ်ပင်ကန့်သတ်ထားသည့် Great Firewall[7] ကို အသုံးပြုထားသဖြင့် ဒီဂျစ်တယ်လွတ်လပ်ခွင့်ကို အဆုံးစွန်ထိ ကန့်သတ်ထားခြင်းကို ကြုံတွေ့နေကြရသည်။ လက်ရှိတွင် Psiphon VPN တခုကိုသာ အသုံးပြုနိုင်ပြီး အခြားသော လူသုံးများသည့် (အခမဲ့) VPN များကို စစ်တပ်က ပိတ်ထားကြောင်း သိရသည်။[8]


၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ဆက်သွယ်ရေးလိုင်း ပြတ်တောက်နေသည့် မြို့နယ်အရေအတွက်သည် တစစဖြင့်မြင့်တတ်လာသည်ကို တွေ့ရှိရသည်။ ဧပြီလအတွင်း (၁၃၈) မြို့နယ်အထိ မြင့်တက်လာခဲ့ခြင်းသည် စစ်တပ်မှ ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ထားသည့်အပြင် စစ်ကိုင်းငလျင်လှုပ်ခတ်မှု၏ နောက်ဆက်တွဲ အပျက်အစီးများကြောင့်ဟု သိရှိရသည်။

---

6 War on citizens: How the junta's VPN ban is strangling communication in Myanmar (Global Voice, June/ 2024)

7 The Internet Coup (InterSecLab, September/ 2025)

8 ပြည်တွင်းမှာလူသုံးများတဲ့ VPN အချို့ချိတ်ဆက်မရမှုတွေ ပြန်လည်ဖြစ်ပွား (KKO, Voice of Myanmar, September/2025)




**(ပုံ-၁)  ၂၀၂၅ ခုနှစ်အတွင်း လအလိုက် ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ခံထားရသည့် မြို့နယ်စုစုပေါင်းစာရင်း**

လေ့လာတွေ့ရှိချက်များအရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအထိ ဆက်သွယ်ရေး လိုင်းပြတ်တောက်နေသည့် မြို့နယ်စုစုပေါင်း (၁၃၁) မြို့နယ်ခန့်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ အရာတော်၊ ဘုတလင်၊ ကန့်ဘလူ၊ ကနီ၊ ကောလင်း၊ မင်းကင်း၊ မြောင်၊ ပုလဲ၊ ပင်လည်ဘူး၊ ဆားလင်းကြီး၊ ဝန်းသို၊ ရေဦး၊ ချင်းပြည်နယ်မှ ဖလမ်း၊ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ၊ တီးတိန်၊ ထန်တလန်၊ တွန်းဇန်၊ မကွေးတိုင်းဒေသကြီးမှ ဂန့်ဂေါနှင့် ထီးလင်း အစရှိသည့် မြို့နယ်များ၌ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်နေသည်မှာ (၄) နှစ်ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သည်။

ကရင်နီပြည်နယ်မှ ဒီးမော့ဆို၊ လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ချင်းပြည်နယ်မှ ဟားခါး၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦး၊ ကလေးဝ၊ လဟယ်၊ လေရှီး၊ ဖောင်းပြင်၊ ခင်ဦးနှင့် စစ်ကိုင်းမြို့နယ်များ၌ (၃) နှစ်ကျော်၊ ဝက်လက်၊ မုံရွာ၊ ဒီပဲယင်း၊ ဟုမ္မလင်း၊ မင်းဘူး၊ ကရင်နီပြည်နယ်မှ ဖရူဆိုမြို့နယ်များ၌ (၂) နှစ်ကျော်၊ ရှမ်းပြည်နယ်မှ သိန္နီ၊ မူဆယ်၊ ကျောက်မဲ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ နမ္မတူ၊ ပင်လောင်း၊ ဆီဆိုင်၊ ကချင်ပြည်နယ် ဗန်းမော်၊ ချီဖွေ၊ ဖားကန့်၊ အင်ဂျန်းယန်၊ ခေါင်လန်ဖူး၊ မချမ်းဘော၊ မံစီ၊ မိုးကောင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ နောင်မွန်း၊ ပူတာအို၊ ရွှေကူ၊ ဆွမ်ပရာဘွမ်၊ တနိုင်း၊ ဆော့လော်၊ ဝိုင်းမော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဗန်းမောက်၊ အင်းတော်၊ ထီးချိုင့်၊ မွန်ပြည်နယ်မှ ရေး၊ မန္တလေးတိုင်းဒေသကြီးမှ မိုးကုတ်နှင့် ကရင်နီပြည်နယ်မှ ရှားတောတွင် (၁) နှစ်ကျော်မျှ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်လျက်ရှိသည်။ စစ်တပ်၏ ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ခြင်းကို လေ့လာကြည့်ရာတွင် အဓိကအားဖြင့်

၁။ စစ်ရေးအသာစီးရယူနိုင်ရန်နှင့် တော်လှန်ရေးတပ်ဖွဲ့များအချင်းချင်း ချိတ်ဆက်မှုကို ဖြတ်တောက်၍ အင်အား ကျဆင်းစေရန်။

၂။ ၎င်းတို့ကျူးလွန်သည့် စစ်ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖုံးကွယ်ရန်အတွက် သတင်းစီးဆင်းမှုကို ရန့်တန့်စေရန်။

၃။ သတင်းတုု၊ သတင်းမှားများနှင့် ဝါဒဖြန့်ချီရေးလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်ရန် စသည့် ရည်ရွယ်ချက် ၃-ချက်အပေါ်အခြေခံသည်ဟု တွေ့ရှိရသည်။[9]

ဆက်သွယ်ရေးလိုင်းများဖြတ်တောက်ခံထားရဆဲဖြစ်သည့်မြို့နယ်နှင့်
ဖြတ်တောက်ခံထားရသည့်ခုနှစ်ပြဇယား




**(ပုံ-၂) ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ခံထားရဆဲဖြစ်သည့် မြို့နယ်နှင့် ဖြတ်တောက်ခံထားရသည့် ခုနှစ်အရေအတွက်ပြဇယား**

(မှတ်ချက်။ ။ အထက်ဖော်ပြပါ ကိန်းဂဏန်းနှင့် အချက်အလက်များသည် အသံအဖွဲ့မှ ကောက်ယူထားသည့် အချက်အလက်များကိုသာ အခြေခံထားပြီး ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရသည့် ကြာမြင့်ချိန် (၁) နှစ် အောက်မှ မြို့နယ်များအား ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။)

[9] အင်တာဗျူးကောက်နုတ်ချက်

## ၃။ စစ်တပ်၏စောင့်ကြည့်၊ ထောက်လှမ်းရေးနည်းဗျူဟာ

မြန်မာစစ်တပ်သည် နိုင်ငံတော်အာဏာကို ထိန်းချုပ်ချုပ်ကိုင်ထားရုံသာမက ပြည်သူလူထု၏ ဒီဂျစ်တယ်အခွင့်အရေး (digital rights) ကိုပါ ထိန်းချုပ်နေသည်မှာ သိသာထင်ရှားလှသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်သည် ပြည်သူများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ထောက်လှမ်းကာ၊ ၎င်းတို့အား ဆန့်ကျင်တော်လှန်သည့် လူပုဂ္ဂိုလ်များကို ပစ်မှတ်ထား ဖမ်းဆီးခြင်းနှင့် အရေးယူမှုများ လုပ်ဆောင်ခြင်း တို့ဖြင့် နိုင်ငံသားများ၏ ဒီဂျစ်တယ်အခွင့်အရေးများကို ချိုးဖောက်လျက်ရှိသည်။ ထိုကဲ့သို့ ဒီဂျစ်တယ်နည်းပညာများ အသုံးပြု၍ စောင့်ကြည့်ထောက်လှမ်းမှုများ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာစစ်တပ်သည် တရုတ်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ကဲ့သို့သော နိုင်ငံကြီးများမှ ဉာဏ်ရည်တု (Artificial Intelligence - AI) နည်းပညာအကူအညီများကို ရယူအသုံးပြုလျက်ရှိသည်။

၎င်းတို့အဓိကအသုံးပြုသည့် စနစ်များမှာ Closed-Circuit Television (CCTV) ကင်မရာများနှင့် Person Scrutinization and Monitoring System (PSMS) တို့ဖြစ်သည်။ PSMS စနစ်သည် ဉာဏ်ရည်တုနည်းပညာ (AI)၊ မျက်နှာသွင်ပြင်မှတ်သားခြင်း (Facial Recognition)၊ CCTV စောင့်ကြည့်ခြင်းနည်းပညာများနှင့် နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များ (National Database) တို့ကို ပေါင်းစပ်ထားသော စနစ်တစ်ခုအဖြစ် ယေဘုယျအားဖြင့်မှတ်ယူနိုင်သည်။ ဤစနစ်များသည် ပြည်သူလူထု၏ လှုပ်ရှားမှုများနှင့် အချက်အလက်များကို အသေးစိတ် စောင့်ကြည့်ထောက်လှမ်းရန် ရည်ရွယ်ကာ ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

မြန်မာစစ်တပ်၏ ဒီဂျစ်တယ်စောင့်ကြည့်မှုဗျူဟာအား လေ့လာသုံးသပ်ကြည့်ရာတွင် ကနဦးအနေဖြင့် စစ်တပ်၏ နယ်မြေထိန်းချုပ်မှုနှင့် PSMS စနစ်ချဲ့ထွင်မှုအကြား တိုက်ရိုက်ဆက်စပ်မှုအား တွေ့ရှိရသည်။ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးမှ ဆရာ/ဆရာမများ၏ ထွက်ဆိုချက်များအရ စစ်တပ်လက်လွှတ်ထားရသည့် မြို့နယ်များတွင် PSMS စနစ်ကို အသုံးပြုနိုင်ခြင်းမရှိသေးသော်လည်း ၎င်းတို့ထိန်းချုပ်ထားသော မြို့နယ်အများစု၌မူ ယင်းစနစ်ကို စတင်အသက်သွင်းနေပြီဖြစ်ကြောင်း သိရသည်။[10] ဤအချက်သည် စစ်တပ်အနေဖြင့် ၎င်းတို့၏ အုပ်ချုပ်မှုအောက်မှ ဒေသများရှိ ပြည်သူလူထု၏ လှုပ်ရှားမှုများကို ပိုမိုတင်းကျပ်စွာ ထိန်းချုပ်နိုင်ရန် ဒီဂျစ်တယ်ထောက်လှမ်းရေးစနစ်များကို ပိုမိုအသုံးပြုလာကြောင်း မီးမောင်းထိုးပြနေလေသည်။

ထို့အပြင် အချက်အလက်စုဆောင်းမှုနှင့် ပေါင်းစပ်မှုကဏ္ဍအား စစ်တပ်မှ အရှိန်အဟုန်မြင့်ကာ လုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။ လူထုလှုပ်ရှားမှုများကို နောက်ယောင်ခံစောင့်ကြည့်ကာ ဖိနှိပ်နိုင်ရန်အတွက် မိုဘိုင်းဖုန်းဆင်းကတ် အချက်အလက်များ၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်နှင့် ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data)၊ ဘဏ်အကောင့်များနှင့် သက်ဆိုင်သော အချက်အလက်များအပါအဝင် ပြည်သူလူထု၏

10 အင်တာဗျူးကောက်နှုတ်ချက်

ကိုယ်ရေးအချက်အလက်များကို အာဏာသိမ်းယူပြီးချိန်မှစ၍ ကောက်ယူစုဆောင်းခဲ့သည်။[11] ထို့မှတဆင့် ရရှိလာသောအချက်အလက်များကို စုစည်းကာ PSMS စနစ်နှင့်အတူ ချိတ်ဆက်အသုံးပြုခြင်းအားဖြင့် စစ်တပ်သည် ၎င်းတို့၏ထောက်လှမ်းရေးစွမ်းရည်ကို ပိုမိုအားကောင်းလာစေခဲ့သည်။ လေ့လာတွေ့ရှိချက်များအရ စစ်တပ်၏ PSMS စနစ်ကြောင့် လူဦးရေ ၁၆၅၀ ကျော် ပြည်တွင်း၌ ဖမ်းဆီးခံခဲ့ရပြီးဖြစ်သည်။[12] ဤအချက်သည် ပြည်သူလူထုအပေါ် အလုံးစုံထိန်းချုပ်လိုသည့်ဆန္ဒနှင့် ဒီဂျစ်တယ်စနစ်ဖြင့် လူထု၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုချုပ်ကိုင်လိုသည့် စစ်တပ်၏ရည်ရွယ်ချက်ကို ပေါ်လွင်စေပြီး လက်တွေ့ဘဝ၌ ပြည်သူလူထု၏ လုံခြုံရေးနှင့်လွတ်လပ်ခွင့်ကို မည်မျှအထိ ထိခိုက်စေနိုင်ကြောင်း ဖော်ပြနေလေသည်။ အဆိုပါစနစ်များအား အတိုက်အခံလှုပ်ရှားသူများနှင့် ဒီမိုကရေစီလိုလားသူများကို ဖော်ထုတ်ဖမ်းဆီးရာတွင် အဓိကကိရိယာတစ်ခုအဖြစ် စစ်တပ်မှအသုံးချကာ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ချိုးဖောက်နေသည်။

တဖက်တွင်လည်း မြန်မာစစ်တပ်၏ နည်းပညာကုမ္ပဏီများနှင့် မသမာသောဆက်နွယ်မှုများအား လေ့လာတွေ့ရှိခဲ့သည်။ လက်ရှိအသုံးပြုနေသော PSMS ကဲ့သို့သော နည်းပညာများသည် စစ်တပ်နှင့် ပူးတွဲလုပ်ဆောင်နေသော သို့မဟုတ် စစ်မှုထမ်းဟောင်းများနှင့် ပတ်သက်ဆက်နွယ်နေသော နည်းပညာ ကုမ္ပဏီများမှတဆင့် ဝယ်ယူထားသည့် ပရိုဂရမ်များဖြစ်ကြောင်း နည်းပညာရှင်တစ်ဦးက ထောက်ပြ ဆွေးနွေးထားသည်။ ၎င်းက **“တကယ်တော့ PSMS၊ CSISMS တို့ဆိုတာတွေက နာမည်တွေလျှောက်ပေးပြီးတော့ ဇီးသီးဖန်းမှောက်ထားတဲ့ Project တွေပဲ။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ စစ်တပ်ထဲကတချို့ရဲ့ မိသားစုဝင်တွေက ဒီနည်းပညာကုမ္ပဏီပိုင်တဲ့သူတွေရှိတယ်။ တချို့ကျတော့လည်းတပ်ထဲကထွက်ပြီး နည်းပညာကုမ္ပဏီ ထောင်ထားတာတွေရှိတယ်။ ကွန်ပျူတာပညာရှင်များအသင်းတို့ ဘာတို့မှာလည်း မကင်းရာမကင်းကြောင်းလူတွေပါကြတယ်။ အဲ့လူတွေအတွက်ကျတော့ စစ်တပ်ကသူတို့အတွက် အချဉ်ပဲ၊ စစ်တပ်ကသူတို့ ဂျင်းထည့်လို့ကောင်းတဲ့အဖွဲ့ပဲ။ အဲ့လိုမျိုး ဂျင်းထည့်လို့ကောင်းတော့ စစ်တပ်ကိုအကြံပေးပြီး သူတို့ဆီမှာရှိတဲ့ ဒီလိုနည်းပညာတွေကို ဂျင်းထည့်ပြီးရောင်းစားကြတော့တာပဲ။”**[13] နည်းပညာရှင်ရှုထောင့်မှ ကြည့်မည်ဆိုလျှင် ၎င်းပရိုဂရမ်များ၏ လုပ်ဆောင်ချက်များမှာ အလွန်ပင်လွယ်ကူရိုးရှင်းလှသော်လည်း ကုမ္ပဏီများသည်၎င်းတို့၏ အကျိုးအမြတ်အတွက် မြန်မာစစ်တပ်အား လိမ်လည်ကာရောင်းချထားသည့် နည်းပညာများသာဖြစ်ကြောင်း တဆက်တည်းထောက်ပြပြောဆိုခဲ့သည်။ ထို့အပြင် စစ်တပ်သည် နည်းပညာဝယ်ယူမှု လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုကင်းမဲ့ခြင်း၊ ကိုယ်ကျိုးရှာမှုများနှင့် အကျင့်ပျက်ခြစားမှုများစွာရှိနေပြီး နိုင်ငံတကာမှ ကုမ္ပဏီများအပြင် ပြည်တွင်းကုမ္ပဏီငယ်များပါ ဤကဲ့သို့သော မသမာသည့် လုပ်ရပ်များတွင် ပါဝင်နေကြောင်းသိရှိရသည်။

---

11 Privacy violations and discrimination in Myanmar (Human Rights Myanmar, Jun/ 2025)

12 PSMS စနစ်နဲ့ လူတစ်ယောက်ချင်းစီ စောင့်ကြည့်ခံနေရလား (BBC, Aug/ 2025)

13 ကိုကျော်ကျော်(အမည်လွှဲ) - ဒီဂျစ်တယ်အခွင့်အရေးနှင့် နိုင်ငံရေးသုတေသီ

## ၄။ အတုအယောင်ရွေးကောက်ပွဲနှင့် စစ်တပ်ဝါဒဖြန့်ချီမှု

လွတ်လပ်သော သတင်းမီဒီယာကဏ္ဍ အားနည်းစေရန် ဆက်သွယ်ရေး နည်းလိုင်းများ ဖြတ်တောက်ခြင်း၊ ဒစ်ဂျစ်တယ်အခွင့်အရေးများ တားဆီးပိတ်ပင်ခြင်းတို့ကို စနစ်တကျ ပြုလုပ် သည့်နည်းတူ တဖက်တွင်လည်း ဝါဒဖြန့်ချိရေးများကို ယခင်ထက်ပို၍အားကောင်းလာအောင် စစ်တပ်က ပြုလုပ်လျက်ရှိသည်။ စစ်တပ်ပိုင် သတင်းမီဒီယာများ၊ ရုပ်မြင်သံကြားချန်နယ်များ၊ နေ့စဥ်ထုတ် သတင်းစာများနှင့် စစ်တပ် ထောက်ခံသူ/ လက်အောက်ခံလူတစုက သတင်းတု၊ သတင်းမှားများနှင့် ဝါဒဖြန့်ချိခြင်းကို ပြည်သူလူထုကြား စိမ့်ဝင်ပျံ့နှံ့စေရန် လုပ်ဆောင်နေသည်မှာ သိသာထင်ရှားလှသည်။ သာဓကအနေဖြင့် အာဏာသိမ်းစစ်တပ်၏ ပုံရိပ်အားမြှင့်တင်ရန်နှင့် အွန်လိုင်းဝါဒဖြန့်ချိမှု စီမံကိန်းအတွက် ပြန်ကြားရေးဌာန ဝန်ထမ်းများကို ဖေ့ဘုတ်လူမှုကွန်ယက်ပေါ်တွင် ကွန်မန့်များရေးရန် ညွှန်ကြားထားခြင်းနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို လေ့လာနိုင်သည်။[14]

လွတ်လပ်သော သတင်းမီဒီယာများ၏ သတင်းဖော်ပြချက်များကို စစ်တပ် လက်အောက်ခံ ပြန်ကြားရေးဝန်ကြီးဌာနများ ၏ ဆိုရှယ် မီဒီယာဝဘ်ဆိုဒ်များက အချက်အလက်စစ်ဆေးခြင်း "Fact Check" ဟု တံဆိပ်ကပ်နှိပ်ကာ သတင်းအချက်အလက်အမှန်များကို သတင်းအမှားဟု ခေါင်းစဥ်တပ် ဝါဒဖြန့်ခြင်းများကိုပင် လုပ်ဆောင်နေသည်။[15] ထို့အပြင် စစ်တပ်ထောက်ခံသူများသည် တယ်လီဂရမ်ကဲ့သို့သော အွန်လိုင်း ပလက်ဖောင်းများကို အသုံးပြုပြီး လူမျိုးရေး၊ ဘာသာရေး၊ လိင်ဖြစ်တည်မှု ခံယူချက်များနှင့် အခြားသော မတူကွဲပြားမှုများ အပေါ် သွေးထိုးလှုံ့ဆော်၊ အမုန်းစကားများဖြန့်ဝေနေသည်ကို လေ့လာတွေ့ရှိရသည်။[16]

**"လက်ရှိမှာတော့စစ်တပ်ရဲ့ ဝါဒဖြန့်ချိမှုယန္တယားက အင်နဲ့အားနဲ့စနစ်တကျလုပ်နေတယ်လို့ ၁၀၀% ပြောနိုင်ပါတယ်။ ဒီဂျစ်တယ်ပလက်ဖောင်းတွေပေါ်မှာ သူတို့ရဲ့ဝက်ဘ်ဆိုက်တွေရှိတယ်၊ အက်ပလီကေးရှင်းတွေ ရှိတယ်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းအကုန်မှာ သူတို့ရှိတယ်။ သူတို့အားအကောင်းဆုံး ဆိုရှယ်မီဒီယာ ပလက်ဖောင်းက ဘာလဲဆိုရင် တယ်လီဂရမ်ပါ။ တယ်လီဂရမ်မှာ သူတို့အခြေချတယ်။ ဒီနောက်ပိုင်းမှာ ဘာထပ် လုပ်လာလည်းဆိုတော့ ယူကျူ့ပေါ်မှာပါ နေရာယူလာတယ်။"**[17]

---

[14] Facebook တွင် ပြန်လည်ခေါင်းထောင်လာသည့် စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေး (စထွန်းအောင်, Myanmar Now, Aug/ 2025)

[15] အရှိန်မြင့်လာတဲ့ စစ်အုပ်စုရဲ့ အွန်လိုင်း ဝါဒဖြန့်လှုပ်ရှားမှုများ (DVB Fact Check, Aug/ 2025)

[16] အင်တာဗျူးကောက်နုတ်ချက်

[17] ကိုသစ်ဉာဏ် - Communication and Public Officer (Myanmar Internet Project)

စစ်တပ်နှင့် စစ်တပ်ထောက်ခံသူများသည် မြန်မာလူထုသုံးစွဲမှုများသော ဆိုရှယ် မီဒီယာ ပလက်ဖောင်းများ ဖြစ်ကြသည့် ဖေစ့်ဘွတ်၊ တယ်လီဂရမ်၊ တစ်တော့ခ်နှင့် ယူကျူ့တို့တွင် စစ်တပ်အာဏာ ဆက်လက်တည်တံ့နိုင်ရေးကို ဦးတည်သည့် ဝါဒဖြန့်မှုများအား ကျယ်ပြန့်စွာလုပ်ဆောင်လာသည်။ ယခုနှစ်အတွင်းတွင် ကျင်းပမည့် အတုအယောင်ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ဝါဒဖြန့်မှုများကို ပိုမိုလုပ်ဆောင်လာကြောင်း ကိုသစ်ညဏ်က ထောက်ပြသည်။ စစ်တပ် ဝါဒဖြန့်ချိမှုနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကို လေ့လာကြည့်ရာတွင် လူအများအာရုံစိုက် သတိပြုစေနိုင်မည့် အကြောင်းအရာ (သို့မဟုတ်) ခေါင်းစဥ်ကို အသုံးချလုပ်ပြီး လူထု၏ စိတ်ဝင်စားမှုကိုအာရုံလွှဲသည့်နည်းဗျူဟာ[18] (Salient Stimuli)[19]နှင့် ဝါဒဖြန့်ဝေမှုကို မီဒီယာများပေါ်တွင် စနစ်တခု တည်ဆောက်ကာ စနစ်တကျ ပြုလုပ်နေကြောင်း တွေ့ရှိရသည်။[20]

ထိုကဲ့သို့ ပြည်သူများ၏ အာရုံစိုက်မှုနှင့် အလေးပေးမှုကို ရယူပြီးနောက် ယုတ္တိဆန်သော သတင်းတု၊ သတင်းမှား (miss/disinformation and logical fallacies)[21] တို့ကို တိကျစွာ ဖန်တီးပြုလုပ်ခြင်းဖြင့် လူထု၏ စိတ်ခံစားမှုအား ပြင်းထန်စေသည့် လှုံ့ဆော်မှုများဖြစ်ပေါ်စေသည်။ ထိုလှုံ့ဆော်မှုများသည် နိုင်ငံရေးနှင့် တော်လှန်ရေး အပေါ်ထားရှိသည့် ယူဆချက်၊ခံယူချက်များကို တိုက်ရိုက် ပြောင်းလဲစေသည့် Causal Attribution Theory[22] ကို ကျွမ်းကျင်စွာ အသုံးချထားကြောင်း တွေ့ရှိရသည်။ ဤသို့ဖြင့် ၎င်းတို့ တည်ဆောက်ထားသည့် နိုင်ငံရေး "လုပ်ဇာတ်"ကို ပြည်သူလူထုက အမှန်တကယ် ဖြစ်ရပ်တစ်ခုဟု ထင်မှတ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဝါဒဖြန့်ချိရေး လုပ်ဆောင်လာသည်ကို သတိပြုနိုင်သည်။ ဥပမာအားဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လနှောင်းပိုင်းတွင် ဖြစ်ပွားခဲ့သော ဂုတ်ထိပ်တံတား မိုင်းခွဲခံရမှုတွင် သတင်းတု၊ သတင်းမှားများနှင့် နောက်ဆက်တွဲဝါဒဖြန့်ချိမှုများကို ဆိုရှယ်မီဒီယာပလပ်ဖောင်းများနှင့် စစ်တပ်လော်ဘီ တယ်လီဂရမ်ချန်နယ် (Telegram Channels)များတွင် တောက်လျှောက်ပြန့်နှံ့လာပုံအား သာဓကထားလေ့လာနိုင်သည်။

ဥပမာအားဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လနှောင်းပိုင်းတွင် ဖြစ်ပွားခဲ့သော ဂုတ်ထိပ်တံတား မိုင်းခွဲခံရမှုတွင်[23] သတင်းတု၊ သတင်းမှားများနှင့် နောက်ဆက်တွဲဝါဒဖြန့်ချိမှုများ တောက်လျှောက်ပြန့်နှံ့လာပုံတွင် တွေ့နိုင်သည်။ ၎င်းဖြစ်စဥ်၌ ဗုံးခွဲ ဖျက်စီးခဲ့သည့်တရားခံမှာ မည်သည့်အဖွဲ့အစည်းဟူ၍ တိကျရေရာသော အချက်အလက်များ မရှိသည့်တိုင် စစ်တပ်ပိုင်နှင့် စစ်တပ်ထောက်ခံသူများသည် ဆိုရှယ်မီဒီယာပလတ်ဖောင်းများနှင့် တယ်လီဂရမ် ချန်နယ်များမှတဆင့် တော်လှန်ရေးတပ်ဖွဲ့များ ဖောက်ခွဲဖျက်စီးခဲ့ကြောင်း ဖြန့်ဝေခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင်

18 Point of view and perceptions of causality in attribution of behavior. Journal of Personality and Social Psychology (Taylor, S. E., & Fiske, S. T. 1975)

19 Why do we focus on items or information that are more prominent and ignore those that are not? (Salience Bias. The Decision Lab, Pilat D., & Sekoul K, 2021)

20 A Preliminary Analysis of the Myanmar Military Junta's Media Propaganda (Tea Circle Myanmar, Mar/ 2021)

21 Disinformation as a weapon in Myanmar ((Human Rights Myanmar, Jun/ 2025)

22 Inferring Dispositions Using Causal Attribution (Anonymous, LibreTexts Social Sciences)

23 ကမ္ဘာကျော် ဂုတ်ထိပ်တံတား မိုင်းခွဲဖျက်ဆီးခံရ၊ နောင်ပိန်ကျေးရွာမှာ တိုက်ပွဲပြင်းထန်နေ (Kyaw Zin Win, Myanmar Now, Aug/ 2025)

ဖြစ်စဉ်အား လူအများစုမှအာရုံစိုက်၊ သတိပြုမိစေရန် ရှေ့ဟောင်းအမွေအနှစ်ကို ဖျက်စီးသည်ဟူသည့် ရှုထောင့်အားပုံဖော်ကာ ဝါဒဖြန့်ချိမှုကို တဆက်တည်းလုပ်ဆောင်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

ထို့အပြင် စစ်တပ်အသုံးပြုနေသည့် အခြားဝါဒဖြန့်ချိရေးနည်းဗျူဟာမှာ နာမည်ကြီးအနုပညာရှင်များနှင့် ဆိုရှယ်မီဒီယာပေါ်တွင် အောင်မြင်ကျော်ကြား လူသိများသူ (public figures) များကို အသုံးချခြင်းဖြစ်သည်။ စစ်တပ်သည် နောက်ကွယ်မှထိန်းချုပ်ကာ ၎င်းတို့၏ ဖျော်ဖြေတင်ဆက်ရေး လှုပ်ရှားမှုများမှတဆင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများကို ပိုမိုစနစ်တကျ ပြုလုပ်လာကြောင်းတွေ့ရှိရသည်။[24] လူအများစု အာရုံစိုက်ခံရသော လူပုဂ္ဂိုလ်များကို အသုံးချ၍ စစ်တပ်ဝါဒဖြန့်ဗလော့ (Vlogs)များဖန်တီးခြင်း၊ စစ်တပ်က ထိန်းချုပ်ထားသည့် ထင်ရှားသော နိုင်ငံရေးသမား ဟောင်းများကို ရွေးကောက်ပွဲတွင် ပြည်သူများပါဝင်ကာ မဲပေးကြစေရန် မီဒီယာများမှတဆင့် စည်းရုံး–လှုံ့ဆော်မှုများပြုလုပ်စေခြင်းတို့ကို ဆောင်ရွက်နေသည်။[25]

နောက်ထပ် စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ စစ်တပ်နှင့် ရွေးကောက်ခံမည့်ပါတီဝင် အမတ်များသည် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်နေမှုကို မဲဆွယ်စည်းရုံးရေး လုပ်ငန်းများတွင် မက်လုံးအဖြစ် စနစ်တကျ ထည့်သွင်း မဲဆွယ်ခြင်းပင် ဖြစ်သည်။[26] လေ့လာတွေ့ရှိချက်များအရ စစ်တပ်က လက်လွှတ် ဆုံးရှုံးထားသည့် နယ်မြေများကို ပြန်လည်ထိန်းချုပ်နိုင်ရန် အဓိကပစ်မှတ်ထားကာ ဆက်သွယ်ရေးလိုင်းများကို စစ်ရေးအရ ဖြတ်တောက်ထားသော်လည်း ၎င်းတို့ လက်အောက်ရှိ မြို့ပြဒေသတချို့တွင် ဝါဒဖြန့်ချိမှုများ ထိရောက်၊ အောင်မြင်စေရန် ဆက်သွယ်ရေးလိုင်း ဖြတ်တောက်မှုများကို တဖြည်းဖြည်း ဖြေလျှော့လာသည်ကိုလည်း တွေ့ရှိရသည်။[27]

ထို့အပြင် စစ်တပ်သည်ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် တိုက်ရိုက်သက်ဆိုင်သော ဥပဒေများကိုလည်း ယခုနှစ် ဂျူလိုင်လ၊ (၂၉) ရက်နေ့၌ ထပ်မံထုတ်ပြန်ခဲ့သည်။ “ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေ”၌ ရွေးကောက်ပွဲအား နှောင့်ယှက်၊ ဖျက်စီးသူများကို အနည်းဆုံး ၁၀-နှစ်မှ တသက်တကျွန်းအထိ ထောင်ဒဏ်ချမှတ်နိုင်သော ပြစ်ဒဏ်များ ထည့်သွင်းရေးဆွဲထားသည်။[28] ပြည်သူများကိုလည်း ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကိစ္စအရပ်ရပ်တွင် ပူးပေါင်း ပါဝင်ရန်နှင့်[29] ပူးပေါင်းပါဝင်ရန်

---

24 လွိုင်ကော်၌ စစ်တပ် ထောက်ခံသည့် ရန်အောင်နှင့် စိုးမြတ်သူဇာ အပါအဝင် အနုပညာရှင်များ သီချင်းလာဆို (DVB, Aug/2025)

25 အင်တာဗျူးကောက်နုတ်ချက်

26 အကြမ်းဖက်စစ်တပ်ပိုင် Mytel ဖုန်းလိုင်းပြန်ဖွင့်ပေးထားသည့် စစ်တွေတွင် လျှပ်စစ်မီးပါပေးမည်ဟု သတင်းထွက် (Thinzar Nwe, Narinjara, Aug/ 2025)

27 မိုးညှင်းမြို့ပေါ်မှာ Mytel အင်တာနက်လိုင်းပုံမှန်ပြန်ရ (Zaw Zaw, Kachin News Group, Sep/ 2025)

28 ရွေးကောက်ပွဲနှောင့်ယှက်သူကို ထောင်ဒဏ်တသက်အထိချနိုင်သည့် ဥပဒေ စစ်ခေါင်းဆောင်ထုတ်ပြန် (DVB, Jul/ 2025)

29 မန္တလေးသို့ စစ်ဘေးရှောင်လာသူများ၏ မှတ်ပုံတင်များကို စစ်တပ်က သိမ်းယူနေပြီး မဲထည့်မှ ပြန်ပေးမည်ဟုဆို (Myanmar Pressphoto Agency, Sep/ 2025)

ငြင်းဆန်သူများကို ရပ်ကွက်အုပ်ချုပ်ရေးရုံးများ၏ တာဝန်ရှိသူများက ဧည့်စာရင်း ထုတ်ပေးမည်မဟုတ်ကြောင်း ခြိမ်းခြောက်သည့်ဖြစ်စဉ်များလည်း ရှိသည်။[30]

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး၏ သုံးသပ်ချက်အရ စစ်တပ်က ကောက်ယူထားသော သန်းခေါင်စာရင်း အချက်အလက်များသည် မှန်ကန်မှုမ ရှိနိုင်သော်လည်း ယင်းအချက်အလက်များဖြင့် ရွေးကောက်ပွဲ၏ မဲရလဒ်များကို ပြင်ဆင် ပြောင်းလဲနိုင်သည်ဟု ဆိုသည်။ **"သန်းခေါင်စာရင်းက အမှန်အကန်ကြီးတော့မရနိုင်ဘူး။ အားလုံးသိတဲ့အတိုင်းပဲ သူတို့တွေ အိမ်ထဲဝင်ဖို့တောင် ကြောက်လို့လေ။ သတင်းတွေကသာအမျိုးမျိုးထွက်နေတာ တကယ်တမ်းကျ လူဘယ်နှစ်ယောက်ရှိလဲ၊ ဘာလုပ်လဲဆိုတာကိုတောင် သေချာမကောက်နိုင်ဘူး။ သူတို့ကောက်ယူရရှိတဲ့ သတင်း အချက်အလက်တွေက မှန်ကန်မှုရှိပါတယ်ဆိုတာကိုလည်း တာဝန်မခံနိုင်ဘူး။ နောက်တခုက သူတို့ကြွေးကြော်သံ ထဲမှာဆိုရင် ဒီရွေးကောက်ပွဲလုပ်မယ် ဆိုတဲ့ဟာကို အစဉ်တစိုက် ပြောခဲ့တာဆိုတော့ ဒီသန်းခေါင်စာရင်းနဲ့ ချိတ်ပြီးတော့ မဲစာရင်းရလဒ်ကို အတုပဲဖြစ်ဖြစ် သူတို့လုပ်မှာပဲ။"**[31] ဤအချက်သည် စစ်တပ်အနေဖြင့် ဒီဂျစ်တယ် အချက်အလက်များကို အသုံးပြု၍ နိုင်ငံရေး ဖြစ်စဉ်များကို ၎င်းတို့အလိုရှိသည့်အတိုင်း ပုံဖော်ရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း ပြသပြီး၊ ၎င်းတို့ ပြုလုပ်မည့် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုအပေါ် မေးခွန်းထုတ်စရာများ ဖြစ်ပေါ်စေသည်။

"

အခု ကရင်နီအနေအထားအရဆိုရင် ရွေးကောက်ပွဲ လုပ်လို့ရနိုင်တာက
လွိုင်ကော်မြို့ တခုပဲရှိတယ် ..
ဒါပေမယ့် ရွေးကောက်ပွဲလုပ်နိုင်ဖို့အတွက် လွိုင်ကော်နဲ့နီးတဲ့ ရှမ်းကယားနယ်စပ်ရော၊
ဒီမောဆိုဖက်ကိုရော ထိုးစစ်တွေဆင်နေတယ်။ ခုလက်တလောမှာ တချို့နယ်စပ်တွေမှာ
အင်အားအလုံးအရင်းနဲ့ လာတိုက်ပြီးတော့ စစ်တပ်ကပြန်ထိန်းချုပ်နိုင်သွားတဲ့ ဒေသတွေရှိလာတယ်။
လက်ရှိလည်း တချို့ထိုးစစ်တွေစပို့ အရိပ်အယောင်မြင်နေရတာတွေရှိတော့
နောက်ပိုင်းမှာ ထိုးစစ်တွေများလာနိုင်တယ်။

**စောချစ်အေး** Chief Editor (Katarawaddy Times)

## ၅။ ဆက်သွယ်ရေးလိုင်းပြတ်တောက်ခြင်း၏ အကျိုးဆက် (နောက်ဆက်တွဲလူ့အခွင့်အရေးချိုးဖောက်မှုများ)

စစ်တပ်သည် လွတ်လပ်သော သတင်းမီဒီယာများနှင့် ဒီဂျစ်တယ်ပလက်ဖောင်းများ ပေါင်းစပ်ဆောင်ရွက်သည့်အခါ လူထု၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုမိုခိုင်မာလာနိုင်ကြောင်းကို ကောင်းစွာနားလည်ထားပြီး ဤကဏ္ဍသုံးရပ်၏ အပြန်အလှန်ချိတ်ဆက်မှုကို ဖြတ်တောက် အားနည်း စေခြင်းဖြင့် ၎င်းတို့ကို ဆန့်ကျင်၊ ကန့်ကွက်နေသည့် ပြည်သူတရပ်လုံးကို ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် စစ်တပ်အာဏာသိမ်းယူပြီးသည့် အချိန်မှစ၍ ဆက်သွယ်ရေး လိုင်းများဖြတ်တောက်ခြင်းနှင့် လွတ်လပ်သောမီဒီယာများအား အစဉ်တစိုက် ဖိနှိပ်လာခဲ့သည်ကို တွေ့ရှိရသည်။ လွတ်လပ်သော သတင်းဌာနများနှင့် သတင်းသမားများကို ဖိနှိပ်ထားခြင်းအားဖြင့် လူထုထံ သတင်းစီးဆင်းမှုအား ဖြတ်တောက်ထားသည့်အတွက် ကဏ္ဍအသီးသီး၌ နောက်ဆက်တွဲ ဆိုးကျိုးများသက်ရောက်စေကြောင်းကိုသစ်ဉာဏ်မှ ယခုလို ထောက်ပြဆွေးနွေးထားသည်။ **“ဒီဆက်သွယ်ရေးတွေ ဖြတ်တောက်ထားတဲ့အတွက် လူထုက မှန်ကန်တဲ့ သတင်းအချက်အလက်တွေမရဘူး။ မှန်ကန်တဲ့သတင်း အချက်အလက်တွေမရတဲ့အခါမှာ ဝါဒဖြန့်ချီရေးကိစ္စတွေ၊ သွေးခွဲတဲ့ကိစ္စတွေ၊ ကောလဟာလ တွေက ပိုပြီးတော့ကျယ်ပြန့်လာတယ်။ အဲ့လိုဝါဒဖြန့်မှုတွေ ကျယ်ပြန့်လာခြင်းအားဖြင့် လူထုကြားထဲမှာ အမြင်တွေလွဲလာတယ်၊ ဆုံးဖြတ်ချက်တွေမှားတယ်။”**[32]

ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ခြင်းကြောင့် သတင်းအချက်အလက်စီးဆင်းမှုကို ရပ်တန့်သွားစေသည်သာမက အခြားသော စီးပွားရေးလုပ်ငန်းများ ပုံမှန်မလည်ပတ်နိုင်ခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ ကုန်ဈေးနှုန်း မြင့်တက်ခြင်းစသည့် နောက်ဆက်တွဲ ဆိုးကျိုးများကိုပါ ကြုံတွေ့ရသည်။ ကျန်းမာရေးနှင့် ပညာရေးအပါအဝင် အခြားသော အခြေခံ လိုအပ်ချက်များတွင်ပါ အခက်အခဲများ တစတစတိုးလာခဲ့သည်။ ထို့အပြင် စစ်တပ်သည် ရွေးကောက်ပွဲအကြို ကာလအတွင်း တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့်ဒေသများကို[33] ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ထားကာ အင်အားအလုံးအရင်းဖြင့် အပြင်းအထန် ပြန်လည် ထိုးစစ်ဆင် လျက်ရှိသည်။

**“အခုကရင်နီအနေအထားအရဆိုရင် ရွေးကောက်ပွဲ လုပ်လို့ရနိုင်တာက လွိုင်ကော်မြို့တခုပဲရှိတယ်။ ဒါပေမယ့် ရွေးကောက်ပွဲလုပ်နိုင်ဖို့အတွက် လွိုင်ကော်နဲ့နီးတဲ့ ရှမ်းကယားနယ်စပ်ရော၊ ဒီမောဆိုဖက်ကိုရော ထိုးစစ်တွေဆင်နေတယ်။ ခုလတ်တလောမှာ တချို့နယ်စပ်တွေမှာ အင်အားအလုံးအရင်းနဲ့လာတိုက်ပြီးတော့ စစ်တပ်ကပြန်ထိန်းချုပ်နိုင်သွားတဲ့ ဒေသတွေရှိလာတယ်။ လက်ရှိလည်း တချို့ထိုးစစ်တွေစဖို့ အရိပ်အယောင်မြင်နေရတာတွေရှိတော့ နောက်ပိုင်းမှာ ထိုးစစ်တွေများလာနိုင်တယ်။”**[34]

---

[30] ရန်ကုန်တွင် အစမ်းမဲပေးလေ့ကျင့်ရန် မလာသူများကို ဧည့်စာရင်းပေးမည် မဟုတ်ဟု ခြိမ်းခြောက် (Min Sett,DVB,  Sep/ 2025)

[31] ဒေါ်နှင်းနှင်းမွှေး - တွဲဖက်အထွေထွေအတွင်းရေးမှူး (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

ရွေးကောက်ပွဲမတိုင်မီ နယ်မြေပြန်လည်စိုးမိုးမှု ရယူနိုင်ရန် ထိုးစစ်ဆင်မှုများ အားစိုက် ပြုလုပ်နေ သည့် မြန်မာစစ်တပ်အကြောင်းကို ပခုက္ကူဒေသမှ မစနိုးက ယခုကဲ့သို့ ထောက်ပြပြောဆိုသည်။ **"ကျမတို့ဘက်မှာ စစ်ကြောင်းထိုးနေတာ နှစ်လကျော်နေပါပြီ။ ဒါက ရွေးကောက်ပွဲမှာ ဒီနယ်ကို မဲပုံးချနိုင်ဖို့ ကြိုးစားနေတယ်လို့ထင်ပါတယ်။"**[35] ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရသည့်ဒေသများတွင် သတင်းစီးဆင်းမှုရပ်တန့်နေပြီး တိုက်ပွဲ (သို့မဟုတ်) လေကြောင်းရန်နှင့် သက်ဆိုင်သော သတင်း အချက်အလက်များ အချိန်နှင့် တပြေးညီ မရရှိနိုင်သဖြင့် အသက်ပေါင်းများစွာ နေ့စဥ်ဆုံးရှုံးနေရသည်။ ဆက်သွယ်ရေးလိုင်း ဖြတ်တောက်ထားခြင်း၏ အကျိုးဆက်သည် သတင်းအချက်အလက် စီးဆင်းမှုပြတ်တောက်ကာ သက်ဆိုင်ရာ ကဏ္ဍအသီးသီး၏ ထိခိုက်ဆုံးရှုံးမှုများသာမကဘဲ ပြည်သူလူထု၏ လုံခြုံရေးနှင့် အသက်ရှင်သန်ခွင့်ကိုပါ ခြိမ်းခြောက်နေကြောင်း လေ့လာတွေ့ရှိရသည်။

**"တချို့သောနိုင်ငံတွေမှာ "right to internet က right to information" ဖြစ်တယ်။ ... ကျွန်တော်တို့နိုင်ငံမှာကျတော့ "right to internet, access to internet" က "right to live" ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်တာနက်မရလို့၊ ဖုန်းဆက်လို့မရလို့ ကျွန်တော်တို့အသက်ရှုံးဆုံးခဲ့ရတဲ့၊ ကယ်နိုင်ရဲ့သားနဲ့ မကယ်နိုင်လိုက်တဲ့ လူ့အသက်တွေများစွာရှိတယ်။"**[36]

စစ်တပ်သည် အွန်လိုင်းပေါ်မှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထိန်းချုပ်နိုင်ရန် ဆိုက်ဘာ လုံခြုံရေး ဥပဒေမူကြမ်းအား (Cyber Security Law) ထုတ်ပြန်ခဲ့ပြီး မြန်မာပြည်သူများ၏ ဒီဂျစ်တယ်လွတ်လပ်ခွင့်နှင့် Digital Space များကိုအားနည်းစေရန် လုပ်ဆောင်ထားသည်။[37] စစ်တပ်၏ဆိုက်ဘာလုံခြုံရေးဥပဒေမူကြမ်းနှင့် ပတ်သက်၍ The Red Flag အဖွဲ့အစည်း၏ အမှုဆောင်ဒါရိုက်တာက အောက်ပါအတိုင်း ထောက်ပြပြောဆိုထားသည်။ **"ဆိုက်ဘာလုံခြုံရေးဥပဒေနဲ့ ထပ်ပြီးတော့ထိန်းချုပ်ဖို့ ကြိုးစားလာတာရှိတယ် ... အဲ့မှာဆိုရင် ဒီဆိုက်ဘာလုံခြုံရေးဥပဒေအရ VPN သုံးတဲ့ဟာက Criminal ဖြစ်နေပြီပေါ့။"**[38] ဆိုင်ဘာလုံခြုံရေး ဥပဒေကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအစပိုင်း၌ ထုတ်ပြန်ပြီး ဇွန်လအကုန်တွင် အတည်ပြုပြဌာန်းခဲ့သည်။ ဥပဒေ အတည်ပြုပြီးနောက် မြို့ကြီးအချို့တွင် မိုဘိုင်းဖုန်းများကို စစ်ဆေးသည့် အခြေအနေများ ပိုမိုမြင်တွေ့လာရသည်။[39] ယင်းဥပဒေတွင် သတင်း အချက်အလက် လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပြင်းထန်စွာကန့်သတ်ထားသည့် ပုဒ်မများ ပါဝင်သည်။ အီလက်ထရွန်းနစ် သတင်းအချက်အလက်များ ပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း (သို့မဟုတ်) ဖော်ထုတ်ခြင်းပြုလုပ်ပါက အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံး သုံးနှစ်အထိထောင်ဒဏ် (သို့မဟုတ်) ကျပ်သိန်း ၅၀ မှ ၂၀၀ အထိ ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံး ချမှတ်ခံရမည်ဟု ပါရှိသည်။

---

32 ကိုသစ်ဉာဏ် - Communication and Public Officer (Myanmar Internet Project)

33 AA ထိန်းချုပ်မြို့နယ်များပါ မြို့နယ် ၆၃ ခုကို စစ်အုပ်ချုပ်ရေးကြေညာမှု ဘာတွေဖြစ်လာနိုင်မလဲ (Development Media Group, Aug/ 2025)

34 စောချစ်အေး - Chief Editor (Katarawaddy Times)

35 မစနိုး (ပခုက္ကူလူငယ် ဖွံ့ဖြိုးရေးအသင်း တာဝန်ခံ)

ထိုဥပဒေသည် လူထုကြားတွင် အကြောက်တရား သွတ်သွင်းလိုက်သည့်အပြင် စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်နေသော အင်အားစုများ၊ နိုင်ငံရေးလှုပ်ရှားသူများကို လူထုစည်းရုံး လှုံ့ဆော်မှုများနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့လာစေ ကြောင်း ဒီဂျစ်တယ် အခွင့်အရေးနှင့် နိုင်ငံရေးသုတေသီတဦးဖြစ်သည့် ကိုကျော်ကျော်(အမည်လွှဲ)က အင်တာဗျူးတွင် ထောက်ပြဆွေးနွေးခဲ့သည်။[40] လူထုကို အဖက်ဖက်မှ ဖိနှိပ်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေများ အမျိုးမျိုးပြင်ဆင်ပြဋ္ဌာန်းနေသည့် တိုင် စစ်တပ်သည် ၎င်းတို့ကို ဆန့်ကျင်တော်လှန်နေသူများကို လူမမယ်ကလေးအရွယ်မှစ၍ သက်ကြီးရွယ်အိုများအဆုံး တရားဥပဒေမဲ့ ဖမ်းဆီး၊ သတ်ဖြတ်ခြင်းများကိုလည်း ကျူးလွန်ဆဲဖြစ်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက် အထွေထွေအတွင်းရေးမှူးက ယခုကဲ့သို့ သုံးသပ်ပြောဆိုထားသည်။

**“ကျွန်မအမြင်မှာတော့ Cyber Security Law ဆိုတာက အကြောင်းပြချက် သက်သက်တခုပဲဖြစ်တယ်။ သူတို့အရေးယူချင်ရင် ပုံစံမျိုးစုံနဲ့အရေးယူတယ်။ ဒီနေ့ခေါ်သွားပြီး မနက်ဖြန်လည်း သတ်ပစ်ချင်ပစ်တာပဲ။ ပြီးရင် မင်းတို့အလောင်းလာယူတော့ဆိုပြီး။”**[41]

## ၆။ နိဂုံးချုပ် သုတေသနသုံးသပ်ချက်

နိဂုံးချုပ်အားဖြင့် အကြမ်းဖက်စစ်တပ်သည် ၎င်း၏အာဏာတည်မြဲရေးနှင့် နွေဦးတော်လှန်ရေးအား ဖိနှိပ်ရေးဗျူဟာ၏ အစိတ်အပိုင်းအဖြစ် ဆက်သွယ်ရေးလိုင်းများဖြတ်တောက်ခြင်းနှင့် ဒီဂျစ်တယ်နည်းပညာများကို လက်နက်သဖွယ် အသုံးချကာ သတင်းအချက်အလက် စီးဆင်းမှုနှင့် ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်လျက်ရှိကြောင်း ထင်ရှားစွာတွေ့ရှိရသည်။

## (၁) ဒီဂျစ်တယ်ဖိနှိပ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ

ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် အခြားသောဥပဒေများအား ပြင်ဆင်၊ ထုတ်ပြန် ပြဋ္ဌာန်းခြင်း၊ Great Firewall တည်ဆောက်ခြင်း၊ ဆိုရှယ်မီဒီယာဝဘ်ဆိုက်များနှင့် VPN ဝန်ဆောင်မှုများအား ပိတ်ပင်ကန့်သတ်ခြင်းတို့ကို စစ်တပ်မှအထူးအာရုံစိုက်ကာ လုပ်ဆောင်လာသည်။ ပြည်တွင်းဖုန်းအော်ပရေတာများကို ထိန်းချုပ်ကာ ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခြင်းကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ

[36] ကိုကျော်ကျော်(အမည်လွှဲ) - ဒီဂျစ်တယ်အခွင့်အရေးနှင့် နိုင်ငံရေးသုတေသီ

[37] ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) ၂၀၂၁ ဖေဖော်ဝါရီ ၆ (Open Development Myanmar)

[38] မဝါးဝါးဖော - အမှုဆောင်ဒါရိုက်တာ (The Red Flag)

[39] Myanmar Junta Launches Street Phone Checks as Cybersecurity Law Takes Effect (The Irrawaddy, Aug/ 2025)

[40] ကိုကျော်ကျော်(အမည်လွှဲ) - ဒီဂျစ်တယ်အခွင့်အရေးနှင့် နိုင်ငံရေးသုတေသီ

လက်ခံရရှိရန် ခက်ခဲလာပြီး ဒေသခံများ၏လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာစေသည်။ ထို့အပြင် မြေပြင်စစ်ကြောင်းထိုး တိုက်ခိုက်မှုများနှင့် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်သူလူထု၏လုံခြုံရေးနှင့် အသက်ရှင်သန်ခွင့်ကိုပင် ကြီးမားစွာ ခြိမ်းခြောက်နေသည်ကို လေ့လာတွေ့ရှိရသည်။

## (၂) စစ်တပ်၏ ဝါဒဖြန့်ချိရေး

နွေဦးတော်လှန်ရေး လေးနှစ်ကျော်လွန်လာသည့်အချိန်တွင် စစ်တပ်သည် ၎င်းတို့၏ နိုင်ငံရေး ထွက်ပေါက် တစ်ခုဖြစ်စေသော ရွေးကောက်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန် အပြင်းအထန် ကြိုးစားအားထုတ်လာသည်။ ရွေးကောက်ပွဲအတွက် စစ်တပ်သည် စစ်ဘောင်ချဲ့ထွင်ခြင်း၊ ဆက်သွယ်ရေးလိုင်းများဖြတ်တောက်ခြင်း၊ စောင့်ကြည့် ထောက်လှမ်းခြင်း၊ သတင်းတု၊ သတင်းမှားများနှင့် ဝါဒဖြန့်ချိခြင်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာသည်။ စစ်တပ်အနေဖြင့် ဝါဒဖြန့်ချိမှုများအား ပိုမိုထိရောက်စွာ လုပ်ဆောင်လာနိုင်ခြင်းသည် လွတ်လပ်သော သတင်းမီဒီယာကဏ္ဍ အားနည်းလာမှုကြောင့် ဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။

စစ်တပ်နှင့် စစ်တပ်လော်ဘီများသည် ဆိုရှယ်မီဒီယာအား လက်နက်သဖွယ်အသုံးချကာ မတူကွဲပြားမှုများ အပေါ် အခြေပြုသော သွေးထိုးလှုံ့ဆော်မှုများ၊ အမုန်းစကားများ၊ အတုအယောင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဝါဒဖြန့်မှုများကို ပြည်သူလူထုကြားပျံ့နှံ့စေရန် စနစ်တကျလုပ်ဆောင်နေသည်။ ဤသို့လုပ်ဆောင်ရာတွင်

၁။ နာမည်ကြီးအနုပညာရှင်များနှင့် ဆိုရှယ်မီဒီယာ၌ အောင်မြင်ကျော်ကြားသော လူပုဂ္ဂိုလ်များအား ဝါဒ ဖြန့်ချိရာ၌ အသုံးချခြင်း။

၂။ လူအများအာရုံစိုက်ကာ သတိပြုစေနိုင်မည့်အကြောင်းအရာ၊ ကိစ္စရပ်များအား တမင်ဖန်တီး လုပ်ယူခြင်း။

၃။ ယုတ္တိတန်သောသတင်းတု၊ သတင်းအမှားများနှင့် ဝါဒဖြန့်ချိမှုများအား လုပ်ဆောင်လာပြီးနောက် လူထုကိုအာရုံလွှဲစေကာ လက်ရှိမြန်မာ့နိုင်ငံရေးအပေါ် ပြည်သူလူထု၏ ရှုမြင်၊ တွေးခေါ်ပုံအား ပြောင်း လဲစေနိုင်သော သီအိုရီများအား ကောင်းစွာအသုံးချနေသည်ကို လေ့လာတွေ့ရှိရသည်။

[41] ဒေါ်နှင်းနှင်းမွေး - တွဲဖက်အထွေထွေအတွင်းရေးမှူး (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

## (၃) တရားမဝင် အတုအယောင်ရွေးကောက်ပွဲနှင့် အကျိုးဆက်များ

ယခင်က ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံထားရသော ဒေသတချို့၌ စစ်တပ်ပိုင် မိုင်တဲလ် (Mytel) ဖုန်းလိုင်းများကို ပြည်လည်ချိတ်ဆက် အသုံးပြုခွင့်ပြုလာကြောင်း လေ့လာတွေ့ရှိခဲ့ပြီး ယခုကဲ့သို့ ဆက်သွယ်ရေးလိုင်းဖြတ်တောက်မှုများအား အနည်းငယ်ဖြေလျော့လာခြင်းသည် စစ်တပ်၏ ဝါဒဖြန့်ချိရေးလုပ်ငန်းများ ထိရောက်မှုရှိစေရန် သာဖြစ်သည်ဟု သုံးသပ်ရသည်။ စစ်တပ်သည် နည်းပညာအားအသုံးချ၍ ပြည်သူလူထု၏ လှုပ်ရှားမှုများကို စောင့်ကြည့်၊ ထောက်လှမ်းကာ ဒီဂျစ်တယ်အခွင့်အရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်၊ ကန့်သတ်ထားသည်။ ဆက်သွယ်ရေးလိုင်း ဖြတ်တောက်မှုများကြောင့် လွတ်လပ်သော မီဒီယာကဏ္ဍ အားနည်းသွားခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှုများ မြင့်တက်လာသည်ကိုလည်း တွေ့ရှိရသည်။

သည့်အပြင် ဆက်သွယ်ရေးလိုင်းများအား ချိတ်ဆက်အသုံးပြုနိုင်ခြင်း မရှိသည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားကဏ္ဍအသီးသီး၌ ထိခိုက်ဆုံးရှုံးမှုများ ရင်ဆိုင်နေရသည့်အပြင် အသက်အန္တရာယ် ထိခိုက်မှုများအထိပါ ကြုံတွေ့လာရကြောင်း လေ့လာတွေ့ရှိရသည်။ တဖက်တွင်လည်း သတင်းတု၊ သတင်းမှားများနှင့် စစ်တပ်၏ဝါဒဖြန့်ချိမှုများ အားကောင်းလာခြင်းသည် လွတ်လပ်သောသတင်းမီဒီယာကဏ္ဍ အားနည်းလာခြင်း၏ နောက်ဆက်တွဲအကျိုးဆက်ဟု သုံးသပ်နိုင်ပေသည်။

“

သန်းခေါင်စာရင်းက အမှန်အကန်ကြီးတော့မရနိုင်ဘူး။ အားလုံးသိတဲ့အတိုင်းပဲ သူတို့တွေ
အိမ်ထဲဝင်ဖို့တောင် ကြောက်လို့လေ။ သတင်းတွေကသာအမျိုးမျိုးထွက်နေတာ
တကယ်တမ်းကျ လူဘယ်နှစ်ယောက်ရှိလဲ၊ ဘာလုပ်လဲဆိုတာကိုတောင် သေချာမကောက်နိုင်ဘူး။
သူတို့ကောက်ယူရရှိတဲ့ သတင်း အချက်အလက်တွေက မှန်ကန်မှုရှိပါတယ်ဆိုတာကိုလည်း တာဝန်မယူနိုင်ဘူး။
နောက်တစ်ခုက သူတို့ကြွေးကြော်သံထဲမှာဆိုရင် ဒီရွေးကောက်ပွဲလုပ်မယ် ဆိုတာကို အစဉ်တစိုက် ပြောခဲ့တာဆိုတော့
ဒီသန်းခေါင်စာရင်းနဲ့ ချိတ်ပြီးတော့ မဲစာရင်းရလဒ်ကို အတုပဲဖြစ်ဖြစ် သူတို့လုပ်မှာပဲ။

ဒေါ်နှင်းနှင်းမွှေး – တွဲဖက်အထွေထွေအတွင်းရေးမှူး (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

## ၇။ အကြံပြုချက်များ

***အရပ်ဘက်အဖွဲ့အစည်းများ***

- သတင်းတု၊ သတင်းမှားများနှင့် ဝါဒဖြန့်ချိမှုများကို ကောင်းစွာနားလည်ပြီး ခွဲခြား ဆင်ခြင်နိုင်စေရန် ပြည်သူလူထု၏ အင်တာနက် အသိပညာရေချိန် မြှင့်တင်ပေးနိုင်မည့် အသိပညာပေး လုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ဆောင်သင့်သည်။
- ပြည်သူများအပေါ် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခြိမ်းခြောက်အရေးယူမှုများကို စာတမ်းများ၊ သတင်းမှတ်တမ်းများ၊ သက်သေခံချက်များ စုဆောင်း၍ အပြည့်အဝ မှတ်တမ်းတင်ထားရန် လိုအပ်သည်။
- နိုင်ငံတကာ အဖွဲ့အစည်းများထံမှ နည်းပညာအကူအညီ၊ အထောက်အပံ့များရယူ၍ ဒေသခံ အဖွဲ့အစည်းများနှင့် အချင်းချင်းချိတ်ဆက် ဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။
- လူထု၏ အခြေခံ လိုအပ်ချက်တခုဖြစ်သည့် ဆက်သွယ်ရေးလိုင်းများအား (ပုံမှန်) ချိတ်ဆက် အသုံးပြုနိုင်ရန် ဒေသခံကာကွယ်ရေးတပ်များ၊ တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သည်။

***ဒေသခံကာကွယ်ရေးတပ်များနှင့် တိုင်းရင်းသားတော်လှန်ရေးတပ်ဖွဲ့များ***

- ပြည်သူလူထု၏ သတင်းအချက်အလက်ရပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ် မြှင့်တင်ပေးရန် လိုအပ်သည်။
- ဆက်သွယ်ရေး လိုင်းများ (ပုံမှန်) ချိတ်ဆက်အသုံးပြုနိုင်ရန် ပညာရှင်များထံမှ နည်းပညာ အကူအညီများ ရယူသင့်သည်။

***နိုင်ငံတကာအဖွဲ့အစည်းများ***

- မြန်မာစစ်တပ်နှင့် ၎င်းနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများသို့ စီးဆင်းနေသော ငွေကြေးနှင့် နည်းပညာဆိုင်ရာ အကူအညီ၊ အထောက်အပံ့များကို စိစစ်–ကန့်သတ်သင့်သည်။
- ပြည်သူ့ဆန္ဒမပါဝင်သော စစ်တပ်၏ အတုအယောင်ရွေးကောက်ပွဲအား အတိအလင်း သုံးသပ်ဝေဖန်ခြင်းနှင့် အသိအမှတ်မပြုကြောင်း အပြည့်အဝ ထုတ်ဖော်ကြေညာသင့်သည်။

**"ရွေးကောက်ပွဲကို ငြိမ်းချမ်းစွာ ငြင်းဆန်သည့် ဒေသခံပြည်သူများအား အပြစ်မဲ့ ဖမ်းဆီးထောင်ချခံရခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခံရခြင်းများကို နည်းပညာအကူအညီနှင့် လူ့အခွင့်အရေး အထောက်အပံ့အစီအစဉ်များဖြင့် ကာကွယ်ပေးရန် လိုအပ်သည်။"**

## ၈။ သုတေသနနည်းလမ်းနှင့် စိန်ခေါ်ချက်များ

ဤသုတေသန အစီရင်ခံစာကို အရည်အသွေးစံပြုသုတေသနနှင့် အရည်အတွက်စံပြုသုတေသနနည်းလမ်း နှစ်မျိုးပေါင်းစပ်ကာ မြန်မာ့ဒီဂျစ်တယ်လွတ်လပ်ခွင့်နှင့် သက်ဆိုင်ရာကဏ္ဍအား တတ်သိကျွမ်းကျင်သော ပညာရှင်များ၊ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားနေသော လွတ်လပ်သည့်ပါတီအဖွဲ့ဝင်များ၊ (မြေပြင်) နိုင်ငံရေး တက်ကြွလှုပ်ရှားသူများနှင့် အမှီအခိုကင်းပြီး လွတ်လပ်သည့်သတင်းသမားများ၏ အင်တာဗျူး ဖြေကြားချက်များမှတဆင့် ရရှိလာသည့် အချက်အလက်များအပေါ် အခြေခံကာရေးသားထားသည်။ ထို့အပြင် လွတ်လပ်၍ အမှီအခိုကင်းသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများမှ ရရှိသော သတင်းအချက်အလက်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ရရှိသည့် မှတ်တမ်းမှတ်ရာများနှင့်အတူ အသံအဖွဲ့မှ သုတေသီများ၏ စောင့်ကြည့်လေ့လာချက်များကို ပေါင်းစပ်ကာ ပြုစုရေးသားထားသည်။ အင်တာဗျူးကဏ္ဍတွင် ပြည်တွင်းနှင့် ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ကြရသော မြန်မာ့ဒီဂျစ်တယ် လွတ်လပ်ခွင့်နှင့် သက်ဆိုင်ရာကဏ္ဍအား တတ်သိကျွမ်းကျင်သည့် ပညာရှင်များ၊ မြန်မာ့ဒီမိုကရေစီ အရေး တတ်ကြွစွာ လှုပ်ရှားနေသည့် နိုင်ငံရေး ပါတီအဖွဲ့ဝင်များ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ များနှင့် လွတ်လပ်သည့် သတင်းသမားများ စုစုပေါင်း (၇) ဦးကိုချိတ်ဆက်ကာ အွန်လိုင်းမှတဆင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာနိုင်ငံတွင်းတွင် စစ်ရေးပဋိပက္ခပြင်းထန်လျက်ရှိပြီး လုံခြုံရေး အခြေအနေများကြောင့် သုတေသီများ အနေဖြင့် ကွင်းဆင်းစစ်တမ်းကောက်ယူရန် ကန့်သတ်ချက်များရှိခဲ့သည်။ တဖက်တွင်လည်း အင်တာဗျူးကဏ္ဍတွင် ပါဝင်ဖြေဆိုပေးသူတချို့၏ လက်ရှိ နေထိုင်ရာဒေသများ၌ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက် နေသည့်အတွက် ချိတ်ဆက်ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာခြင်းများ ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် လျှပ်စစ်မီးနှင့် အင်တာနက်လိုင်း အခက်အခဲများကြောင့် အင်တာဗျူးနေစဉ်အတွင်း စကားသံများ ပြတ်တောက်သွားခြင်း၊ ပါဝင်ဖြေဆိုသူများဘက်မှ လိုင်းကျသည့်ဖြစ်ရပ်များသည် ဤသုတေသီနစာတမ်းတိုအား ရေးသားပြုစုရာတွင် အဓိကကြုံတွေ့ခဲ့ရသည့် စိန်ခေါ်ချက်များပင်ဖြစ်သည်။

## သတင်းအချက်အလက် ကောက်ယူနည်းနှင့် ခွဲခြမ်းစိတ်ဖြာနည်း (၁)

| ဖြစ်စဉ်များ<br>(Type of Cases) | ရှင်းလင်းဖော်ပြချက်များ (Description - Coding Method) |
|---|---|
| **အင်တာနက်မြန်နှုန်း လျော့ချ**<br>(2G/3G) | ၎င်းဒေသ၌ 2G/3G မြန်နှုန်းဖြင့်သာ ဖုန်းနှင့် အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ပြီး အသံမကြည်လင်ခြင်း ဖုန်းပြောနေစဉ် ပြတ်တောက်ခြင်း၊ ဖုန်းဝင်ရန်ခက်ခဲခြင်း၊ ခေါ်ဆိုရာတွင် အချိန်ကြာမြင့်ခြင်းတို့ အစရှိသည့် အခက်အခဲများက ကြုံတွေ့နေရသည်။ |
| **ဆက်သွယ်ရေးလိုင်းအားလုံး ပြတ်တောက်နေ**<br>(All Network Blackout) | ၎င်းဒေသ၌ ATOM (Telenor)၊ MPT၊ Ooredoo နှင့် Mytel အပါအဝင် ပြည်တွင်းမှဆက်သွယ်ရေးအော်ပရေတာ များ၏ ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုအားလုံး ပြတ်တောက်နေပြီး ဝိုင်ဖိုင် (Wireless Broadband) များလည်း အသုံးမပြုနိုင်ခြင်းမရှိ။ |
| **အင်တာနက်လိုင်းများ ပြတ်တောက်နေ**<br>(Internet Backout) | ၎င်းဒေသ၌ ATOM (Telenor)၊ MPT၊ Ooredoo နှင့် Mytel တို့၏ အင်တာနက်လိုင်းများ ပြတ်တောက်နေပြီး ဖုန်းလိုင်းဖြင့်သာ ခေါ်ဆိုအသုံးပြုနိုင်သည်။<br>*မှတ်ချက်။ ။ ဒေသအချို့၌ ပြည်တွင်း (သို့) နယ်စပ်မြို့များမှတဆင့် ဝင်ရောက်လာသော ဂြိုလ်တုဆက်သွယ်ရေး ဝိုင်ဖိုင်ဝန်ဆောင်မှုများအား (Wireless Broadband) ချိတ်ဆက်အသုံးပြုနိုင်သည်။* |
| **ဖုန်းနှင့် အင်တာနက်လိုင်းများ ပြတ်တောက်နေ**<br>(Phone & Internet Blackout) | ပြည်တွင်းမှဆက်သွယ်ရေးအော်ပရေတာ တခု (သို့) တခုထက်ပို၍ ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုနှစ်မျိုးလုံး မရရှိနိုင်။<br>*မှတ်ချက်။ ။ ဒေသအချို့၌ ပြည်တွင်း (သို့) နယ်စပ်မြို့များမှတဆင့် ဝင်ရောက်လာသော ဂြိုလ်တုဆက်သွယ်ရေး ဝိုင်ဖိုင်ဝန်ဆောင်မှုများအား (Wireless Broadband) ချိတ်ဆက်အသုံးပြုနိုင်သည်။* |

## သတင်းအချက်အလက် ကောက်ယူနည်းနှင့် ခွဲခြမ်းစိတ်ဖြာနည်း (၂)

| လက်ရှိအခြေအနေ<br>(Current Status) | ရှင်းလင်းဖော်ပြချက်များ (Description - Coding Method) |
|---|---|
| **ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်နေဆဲ**<br>(Ongoing) | လက်ရှိအချိန်ထိ ဆက်သွယ်ရေးအော်ပရေတာများပြတ်တောက်နေပြီး ဖုန်းလိုင်း၊ အင်တာနက် (သို့) ဝန်ဆောင်မှု နှစ်မျိုးလုံး မရရှိနိုင်ပါ။ သို့သော်လည်း ပြည်တွင်း (သို့) နယ်စပ်မြို့များမှတဆင့် ဝိုင်ဖိုင်လိုင်းများအား (Wireless Broadband) ချိတ်ဆက်အသုံးပြုနိုင်သည်။<br>*မှတ်ချက်။ ။ အချို့သောဒေသများ၌ ပြည်တွင်းဖုန်းအော်ပရေတာတခုခုမှ ဖုန်းလိုင်း (သို့) အင်တာနက်ဝန်ဆောင်မှု တမျိုးတည်းသာ အသုံးပြုနိုင်ပြီး ဝိုင်ဖိုင်လိုင်းများပင် ပြတ်တောက်နေသည်။* |
| **ဆက်သွယ်ရေးလိုင်းများ ပြန်လည်အသုံးပြုနိုင်**<br>(Restored) | လက်ရှိအချိန်တွင် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာ တခု (သို့) တခုထက်ပို၍ ပြန်လည်ချိတ်ဆက်အသုံးပြုနိုင်ပြီး ဖုန်းနှင့် အင်တာနက်လိုင်းနှစ်မျိုးလုံးအား အနည်းဆုံး ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာတခုမှ ချိတ်ဆက်အသုံးပြုနိုင်ပါသည်။<br>*မှတ်ချက်။ ။ ၎င်းဒေသ၌ ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာ အားလုံးပြန်လည်အသုံးပြုနိုင်ခြင်းဟု မဆိုလို။* |
| **တိကျသောအချက်အလက် မရရှိသေး**<br>(Unknown) | သက်သေအထောက်အထားမရှိသော်လည်း လက်ရှိအချိန်တွင် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာ တခု (သို့) တခုထက်ပို၍ ပြန်လည်ချိတ်ဆက်အသုံးပြုနိုင်ပြီး ဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှု နှစ်မျိုးလုံးအား အနည်းဆုံး ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာတခုမှ ချိတ်ဆက်အသုံးပြုနိုင်ပါသည်။<br>*မှတ်ချက်။ ။ ၎င်းဒေသ၌ ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာ အားလုံးပြန်လည်အသုံးပြုနိုင်ခြင်းဟု မဆိုလို။* |

## အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ လူငယ်များမှစုစည်းကာ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ Research Team For Telecommunications Law နှင့် We Support Journalists အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန်ရည်ရွယ်၍ အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အသံသည် အဓိကဦးတည်ချက် (၃) ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေးခြင်းတို့မှတစ်ဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသနအခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းဖြစ်သည်။ သုတေသနကိုအခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ်လေ့လာ ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏သုတေသနတွေ့ရှိချက်များ အပေါ်အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေးဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအဆင့်အလိုက်၊ ကဏ္ဍအလိုက်စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော Human Rights Tulip Award ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။





FREEDOM OF EXPRESSION
ACTIVIST ORGANIZATION